**<u>မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သဘော်ဖျက်စက်ရုံ(သီလဝါ) မှပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၄၇)
ဖြင့်တရားစွဲဆိုထားခြင်းခံရသည့် ကျောက်တန်းမြို့နယ်၊ သီတာမြိုင်ရပ်ကွက်မှ လယ်သမား( ၃၃ )ဦးအား မကြာမီ
ကာလအတွင်း အပြီးသတ်အမိန့် ချမှတ်မည့် အပေါ်သဘောထားထုတ်ပြန်ချက်</u>**

ကျောက်တန်းမြို့နယ်၊သီတာမြိုင်ရပ်ကွက်မှ လယ်သမား(၃၃)ဦးအား မြန်မာ့စီးပွားရေကော်ပိုရေးရှင်းမှ စက်ရုံပိုင်မြေအတွင်းကျူးကျော်သည်ဟုဆိုကာ ၂၀၁၄ ခုနှစ်တွင် ကျောက်တန်းမြို့နယ် တရားရုံးတွင်ဦးတိုက်လျောက်ထား တရားစွဲဆိုခဲ့ပါသည်။ ၄င်းအမှုကို စွပ်စွဲခံလယ်သမားများမှ(၄)နှစ်နီးပါး ရင်ဆိုင်လာခဲ့ပြီဖြစ်သည်။ ယခုလာမည့် မတ်လ ၂၁ရက်၊၂၀၁၈ ရုံးချိန်းတွင် စွပ်စွဲခံရသူလယ်သမား (၃၃)ဦးမှ အပြီးသတ် ချေပလျှောက်လဲမည် ဖြစ်ပါသည်။ ၄င်းပြီးလျှင် တရားရုံးမှခေါ်ဆိုမည့် နောက်ရုံးချိန်းတွင် အပြီးသတ်အမိန့်ချမှတ်မည်ဟုသိရပါသည်။ ထို့ကြောင့် စွပ်စွဲခံရသူလယ်သမား များအပါဝင် ကူညီဆောင်ရွက်ပေးသူများအနေဖြင့် တရားမျှတမှုနှင့်ဒေသခံတောင်သူများ၏ မြေယာအခွင့်ရေးများ မဆုံးရှုံးရန် မျှော်လင့်နေကြကြောင်း ၄င်းတို့မှထုတ်ဖေါ် ပြောဆိုလိုက်ပါသည်။

"ကျွန်တော်တို့လုပ်ကိုင်စားသောက်နေတဲ့ ဘိုးဘွားပိုင်မြေကို ၁၉၉၆-၉၇ ခုနှစ်မှာ အစိုးရက စက်မှုဇုန်စီမံကိန်း အတွက်ဆိုပြီး တစ်ဧကကို ကျပ်(၂၀၀၀၀) နှုန်းနဲ့ လျော်ကြေးယူယူမယူ အသိမ်းခံရမယ်ဆိုပြီး အဲဒီအချိန်တုန်းက သိမ်းခဲ့တာ။ ဒါပေမယ့် သိမ်းပြီးဘာစီမံကိန်းမှလုပ်ဆောင်မှုမရှိတဲ့အတွက် ကျွန်တော်တို့ရွာသားတွေ မြေခွန်ပြေစာတွေကို ဆောင်ပြီး ကိုယ့်လယ်ယာမြေတွေပေါ် ဆက်လက်လုပ်ကိုင်စားသောက်လာခဲ့တယ်" ဟု ဒေသခံမြေပိုင်ရှင်ဦးဇော်ထွန်း ကပြောပါသည်။

၄င်းမှဆက်လက်ပြီး "၂၀၀၂ ခုနှစ်တွင် Myanmar Economic Corporation (MEC) မှ သဘော်ဖျက်စက်ရုံ လာရောက်တည်ဆောက်တယ်။ ကျန်တဲ့မြေတွေပေါ် ကျွန်တော်တို့ဆက်လက်လုပ်ကိုင်လာခဲ့တာ ဒီနေ့အချိန်ထိဖြစ်တယ်။ ဒါပေမယ့် ၂၀၁၄ မှာ (MEC) မှ တရားလိုပြုလုပ်ကာ ကျနော်တို့ လယ်သမား(၃၃)ယောက်ကို ကျောက်တန်းတရားရုံးမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၄၇)ကျူးကျော်မှုနဲ့ တရားစွဲဆို ခဲ့တယ်" ဟုဆိုပါသည်။

၂၀၁၅ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၈၉၄ မြေသိမ်း ဥပဒေအရမြေယာလျော်ကြေးတောင်းခံနိုင်ကြောင်း ကို မြေသိမ်းကော်လိတ်တော်အရာရှိလက်မှတ်ဖြင့် ထုတ်ပြန်ကြေငြာသည့် အကြောင်းကြားစာကို ကျောက်တန်းမြို့နယ် ၊သီတာမြိုင်ရပ်ကွက်မှ လယ်သမားများလက်ခံရရှိခဲ့ကြပါသည်။ သို့သော်မြေသိမ်းကော်လိတ်တော်အရာရှိမှ မြေယာ လျော်ကြေး အတွက် လယ်သမားများအား ခေါ်ယူနှိုင်းခဲ့ခြင်းမရှိပေ။

"ကျွန်တော်တို့ကိုတရားစွဲပြီး (၁)နှစ်လောက်ကြာမှ မြေသိမ်းကော်လိတ်တော်အရာရှိလက်မှတ်နဲ့ထုတ်ပြန်ကြေငြာတဲ့ အကြောင်းကြားစာ ကျွန်တော်တို့ဆီရောက်လာပြီး မြေယာလျော်ကြေးတောင်းခံနိုင်ကြောင်း အကြောင်းကြားလာတယ်။ ဒါပေမယ့် ကော်လိတ်တော်အရာရှိက မြေယာလျော်ကြေးအတွက် ကျနော်တို့ကိုခေါ်ယူညှိနှိုင်းတာမရှိခဲ့ပါဘူး" ဟုတရား စွဲခံရသူဦးဇော်ထွန်းကဆိုပါသည်။

"လယ်ယာမြေသိမ်းတဲ့အချိန်မှာ ဥပဒေနဲ့မညီတဲ့မြေသိမ်းမှုတွေရှိခဲ့တယ်။ တချိန်ထဲမှာလည်း မြေသိမ်းခံရတဲ့အပြင် ဘိုးဘွားပိုင်လယ်ယာမြေအတွင်း မြေခွန်ပြေစာတွေ ထမ်းဆောင်ပြီးလုပ်ကိုင်နေပါလျှက် ပြစ်မှုဆိုင်ရာပုဒ်မ(၄၄၇) ကျူးကျော်မှုနဲ့ တရားစွဲဆိုခံရတာဟာလဲ ဒေသခံလယ်သမားတွေထပ်မံနစ်နာရတာပေါ့" ဟုဒေသခံများအတွက် ကူညီဆောင်ရွက်ပေးနေသည့် ရှေ့နေဒေါ်သန်းသန်းအေးမှ ပြောပါသည်။

ယခုစွပ်စွဲခံရသူလယ်သမားများကဲ့သို့ပင် သီလာဝါအထူးစီးပွားရေးဇုန်နှင့် မြန်မာပြည်အဝှမ်းမှဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွင်း ဥပဒေနှင့်မညီသည့်မြေယာသိမ်းဆည်းမှုများ ပေါ်ပေါက်လျက်ရှိပါနေပါသည်။ (၄) နှစ်နီးပါး အမှုကိုရင်ဆိုင်ဖြေရှင်းနေရသည့်အတွက် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများစွာ ထိခိုက်ခံစားခဲ့ရပြီးဖြစ်သည်။ သို့ပါသောကြောင့် အပြီးသတ်အမိန့်ချမှတ်မည့် ရုံးချိန်းတွင်တရားမျှတမှုနှင့်၊မြေယာလုပ်ကိုင်ခွင့်အခွင့်အရေး မဆုံးရှုံးရန်မျှော်လင့်နေကြကြောင်း စွပ်စွဲခံလယ်သမားများမှပြောဆိုပါသည်။

ဆက်သွယ်မေးမြန်းရန်

ဦးအေးငွေ (တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးသူ)

ဖုန်း - ၀၉၄၅၀၀၅၃၉၇၇

ဦးဇော်ထွန်း (စွပ်စွဲခံရသူတောင်သူ)

ဖုန်း - ၀၉၂၅၄၆၈၄၀၉၅

ဦးညဏ်မောင် (စွပ်စွဲခံရသူ တောင်သူ)

ဖုန်း - ၀၉၇၈၃၂၀၂၅၄၉

ဒေါ်သန်းသန်းအေး

(တောင်သူလယ်သမားများ၏ ရှေ့နေ)

ဖုန်း - ၀၉၄၅၈၀၃၅၂၉၇